# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်စျေးကွက်သတင်းလွှာ

myantrade

October 23, 2020 | Volume 36, Number 17


**၂၃.၁၀.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၀၄ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၁၄၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၁၆/- ကျပ် |
| CBM Rate | = ၁၂၈၉.၅ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၂၇.၀ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၅၁.၁၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၆၈၈.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၂၂.၂၀၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၃.၂၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၇. ၅၁၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၃၄ ကျပ် |
| မလေးရှားရင်းဂစ် | =၃၁၀.၂၀ ကျပ် |
| ၂ ထိုင်းဘတ်တစ်ဘတ် | =၄၁.၂၅၁ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မြန်မာစီးပွားရေးသံမှူးများ၏ နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေး ဆောင်ရွက်နိုင်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများဆွေးနွေး



မြန်မာစီးပွားရေးသံမှူးများ၏ ၎င်းတို့ တာဝန်ထမ်းဆောင်နေသည့် နိုင်ငံများနှင့် မြန်မာနိုင်ငံတို့အကြား နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေး ဆောင်ရွက်နိုင်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Zoom Application ဖြင့် ကျင်းပသည်။

**အလေးထားဆောင်ရွက်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်စေရေး၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်နိုင်ရေး၊ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များအား ချိတ်ဆက်ပေးနိုင်ရေးတို့အတွက် အလေးထားဆောင်ရွက်ရန်နှင့် လက်ရှိ ကိုဗစ်-၁၉ ကာလတွင် မိမိတို့ရောက်ရှိနေသည့် နိုင်ငံအသီးသီး၏ စီးပွားရေးပြန်လည်ထူထောင်ရေး လုပ်ငန်းများကို လေ့လာတင်ပြသွားကြရန်မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက စီးပွားရေးသံမှူးများ၏ အဓိကလုပ်ငန်းတာဝန်မှာ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေးဖြစ်ကြောင်း၊ နိုင်ငံအနေဖြင့် စီးပွားရေးသံမှူးများအပေါ်တွင် မြင့်မားသောမျှော်မှန်းချက်များ ရှိသည့်အားလျော်စွာ အဆိုပါမျှော်မှန်းချက် ပြည့်မီစေရေး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ယခုအချိန်တွင် တချို့နိုင်ငံများအနေဖြင့် ၎င်းတို့၏ရင်းနှီးမြှုပ်နှံမှုများအား မြန်မာနိုင်ငံသို့ ပြောင်းရွှေ့လုပ်ကိုင်ရန် စိတ်ဝင်စားလျက်ရှိနေကြရာ အဆိုပါအခွင့်အရေးအား မိမိတို့အနေဖြင့် အမိအရဆုပ်ကိုင်သွားနိုင်ရေး ကြိုးပမ်းသွားကြရန် မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ပထမနေ့အစီအစဉ်အဖြစ် တရုတ်နိုင်ငံ (ပေကျင်း၊ နန်နင်း၊ ဟောင်ကောင်) နှင့် အမေရိကန်၊ ဂျပန်၊ ကိုရီးယားနိုင်ငံများသို့ စေလွှတ်ထားသည့် စီးပွားရေးသံမှူးများက ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု၊ ချိတ်ဆက်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့်ဒုတိယဝန်ကြီးတို့က မြန်မာနိုင်ငံတွင်

E-commerce ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိတာဝန်ကျနေသည့်နိုင်ငံများတွင် ဆောင်ရွက်နေမှုများကိုလေ့လာပြီး ချိတ်ဆက်ပေးသွားရန်၊ MSME လုပ်ငန်းများတွင် အသုံးပြုသည့် စက်ကိရိယာများဝယ်ယူနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးရန်၊ ကိုရီးယားနှင့် ဂျပန်နိုင်ငံများသို့ အလုပ်သမားများစေလွှတ်နိုင်ရေး အလားအလာရှိသည့်လုပ်ငန်းများအား လေ့လာတင်ပြရန်၊ ခရီးသွားကဏ္ဍတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် စီးပွားရေးသံမှူးများအကြား သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်သွားကြရန် မှာကြားသည်။

ဒုတိယနေ့ အစီအစဉ်အဖြစ် အောက်တိုဘာ ၂၃ ရက်တွင် ဆွစ်ဇာလန်၊ ဘယ်လ်ဂျီယံ၊ ထိုင်း၊ စင်ကာပူ၊ အိန္ဒိယနိုင်ငံတို့ရှိ မြန်မာစီးပွားရေးသံမှူးများနှင့် ဆက်လက်တွေ့ဆုံပြီး မှာကြားမည်ဖြစ်ကြောင်းသိရသည်။

Source: https://www.facebook.com/TheMirrorDaily/

## COVID-19 အလွန်ကာလတွင် မြန်မာ့စီးပွားရေး ဦးမော့လာစေရေး မြန်မာနိုင်ငံ၏စီးပွားရေး ပြန်လည် ထူထောင်ရေးနှင့် ပြုပြင်ပြောင်းလဲရေးစီမံချက် (MERRP) ရေးဆွဲလျက်ရှိ



COVID-19 အလွန်ကာလတွင် မြန်မာ့စီးပွားရေး လျင်မြန်စွာ ဦးမော့လာစေရေးအတွက် မြန်မာနိုင်ငံ၏စီးပွားရေး ပြန်လည်ထူထောင်ရေးနှင့် ပြုပြင်ပြောင်းလဲရေး စီမံချက် (MERRP) ကို မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) နှင့်ချိတ်ဆက်၍ ရေးဆွဲလျက်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ပြောကြားသည်။ MHKCCI က စီစဉ်ကျင်းပသည့် “Brimming with opportunities” တွင် ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု COVID-19 ကြောင့် ယခုနှစ် ကျဆင်းနိုင်သော်လည်း နှစ်ရာခိုင်နှုန်း နီးပါးသို့ ရောက်ရှိနိုင်ကြောင်း အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က ခန့်မှန်းထားပြီး ၂၀၂၁ ခုနှစ် တွင် ကိုဗစ်ကာလ မတိုင်မီကာလတွင် ရရှိခဲ့သည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်း ခြောက်ရာခိုင်နှုန်း ပြန်လည် ရရှိနိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ တရုတ်နှင့် အိန္ဒိယတို့အကြား မဟာဗျူဟာ အချက်အချာကျစွာ တည်ရှိနေသည့်အတွက် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းကောင်းများစွာ ရှိကြောင်း၊ စွမ်းအင်ကဏ္ဍ၊ အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံနိုင်ကြောင်းနှင့် အဆိုပါလုပ်ငန်းကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခြင်းဖြင့် ကဏ္ဍပေါင်းစုံတွင် အချိုးညီမျှတသည့် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ COVID-19 ကာလအတွင်း စိန်ခေါ်မှုများရှိခဲ့သော်လည်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း ဒေါ်လာ ၅ ဒသမ ၆၈၉ ဘီလျံရရှိခဲ့ပြီး ယခင် ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက ဒေါ်လာ ၁ ဒသမ ၁၆၉ ဘီလျံ တိုးမြှင့်ရရှိခဲ့ကြောင်း၊ COVID-19 စီးပွားရေး ထိခိုက်မှု သက်သာရေးစီမံချက် (CERP) နှင့်အညီ COVID-19 ကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေး သက်ရောက်မှုများကို လျှော့ချရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိကြောင်း ၎င်းကဆက်လက် ပြောကြားသည်။

COVID-19 ကြောင့် အသွားအလာကန့်သတ်ထားသဖြင့် အချို့လုပ်ငန်းများ ဝင်ရောက်ရန်ရှိသော်လည်း ခွင့်ပြုမပေးနိုင်ခဲ့သဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လျာထားချက်ပြည့်မီခြင်းမရှိဘဲ လျော့ကျခဲ့သည်။

**Source: https://news-eleven.com/article/196117**

## ကိုဗစ်ကြောင့် ရပ်နားထားသော ရန်ကုန်ရွှေဈေးကွက်ပြန်ဖွင့်



ကိုဗစ်ကြောင့် အရောင်းအဝယ် ယာယီရပ်နားထားသော ရန်ကုန်ရွှေဈေးကွက်ကို ယနေ့ အောက်တိုဘာလ ၂၂ ရက်တွင် ပြန်လည် ဖွင့်လှစ်လိုက်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များဥက္ကဋ္ဌ ဦးမျိုးမြင့်ကပြောသည်။ "အခု ၂၁ ရက် ဆိုရင် မြို့နယ်ကျော်တွေ အကုန်လုံးပြီးသွားပြီဆိုတော့ ကျနော်တို့ အရောင်းအဝယ်ပြန်လုပ်ပါမယ်။ ကျန်းမာရေး ဝန်ကြီး ဌာနကထုတ်ထားတဲ့ စည်းကမ်းချက်တွေနဲ့အညီဖွင့်မှာပါ" ဟု ၎င်းကပြောသည်။ ပြီးခဲ့သည့် စက်တင်ဘာလ ၅ ရက်မှစ၍ ကိုဗစ်ရောဂါကူးစက်ပြန့်ပွားမှု များလာသောကြောင့် ရန်ကုန်ရွှေဈေးကွက်ကို ယာယီရပ်နားခဲ့ခြင်းဖြစ်သည်။

ရွှေဈေးကွက်ရပ်နားချိန်တွင် ကမ္ဘာ့ရွှေဈေး မြင့်တက်မှုကြောင့် ပြည်တွင်း အခေါက်ရွှေဈေးမှာလည်း ၁ ကျပ်သားလျှင် ကျပ် ၁၃ သိန်းကျော်အထိရှိလာပြီး ရွှေဈေးကွက် ပြန်လည်စတင်မည့်ရက်တွင်လည်း ကျပ် ၁၃၁၆၀၀၀ နှင့် ဈေးကွက် ဖွင့်လှစ်ခဲ့ကြောင်း ရွှေလုပ်ငန်းရှင်လည်းဖြစ်သူ ဦးမျိုးမြင့်ကပြောသည်။ ရန်ကုန် ရွှေဈေးကွက်သည် ၁ ရက်လျှင် ရွှေပိဿာချိန် ၅၀ အထိ အရောင်းအဝယ်ရှိပြီး ကိုဗစ်ကာလများတွင် တရက်လျှင် ရွှေ ၂၅ ပိဿာ ဝန်းကျင်သာ အရောင်းအဝယ်ဖြစ်ကာ ထက်ဝက်ခန့် ကျဆင်းခဲ့သည်။ "ရွှေဈေးကွက် ပိတ်တယ်လို့ဆိုတာထက် နောက်ပိုင်း အရောင်းအဝယ်သမားတွေက မလာရဲတော့ဘဲ ဖြစ်သွားတာ။ အခု ဈေးကွက်ပြန်ဖွင့်ရင် အပြောင်းအလဲ သိပ်မရှိနိုင်ပေမယ့် ပုံမှန်အနေအထားရောက်အောင် မနည်း ပြန်လုပ်ရမယ့်သဘော ရှိတယ်။ အခု လောလောဆယ် ရန်ကုန်မှာ ကုန်ကြမ်းပြတ်နေတယ်" ဟု ဈေးကွက်၏ အခြေအနေကို ဦးမျိုးမြင့်က ရှင်းပြသည်။

စတော့ရှယ်သမား၊ စီးပွားရေးသမားများက ရွှေဘက်သို့လှည့်၍ ဝယ်ယူမှုများ ရှိလာခြင်း၊ အမေရိကန်ဒေါ်လာဈေး အညွှန်းကိန်းများကလည်း ကျဆင်းနေခြင်းတို့ကြောင့် ကမ္ဘာ့ရွှေဈေးမှာလည်း ဆက်တိုက်မြင့်တက်လျက် ရှိနေသဖြင့် မြန်မာ့ရွှေအနေနှင့်လည်း ကျပ် ၁၃ သိန်း ဝန်းကျင်၌သာ ရှိနေနိုင်ကြောင်း ရွှေလုပ်ငန်းရှင်များက သုံးသပ်ထားသည်။
အရောင်းအဝယ်အနေဖြင့် ပြည်တွင်း ရွှေဈေးကွက်တွင် လူငယ်ပိုင်းများက ဒီဇိုင်းပုံစံ အမျိုးမျိုး ပြောင်းလဲ ဝတ်ဆင်လာခြင်း၊ တချို့ရွှေဈေးတက်နေခြင်းကြောင့် အကျဈေးတွင် ဝယ်ထားသည့်သူများက ပြန်ရောင်းခြင်း၊ စီးပွားရေး လုပ်ငန်းရှင်များက ရွှေ ၄ ပိဿာ၊ ၅ ပိဿာအထိ လာရောင်းသူသည့်သူများပင် ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက သိရသည်။
တိတ်စိန် ရွှေဆိုင်ပိုင်ရှင်က "ကျမတို့ ဆိုင်က ဒီတနင်္လာနေ့က စဖွင့်တယ်။ အခု ဖွင့်ဖွင့်ချင်းကတော့ ဝန်ထမ်းလည်း တဝက်လောက်နဲ့ပဲ စဖွင့်ပါတယ်။ လုံခြုံရေးလည်း လုပ်ထားပါတယ်။ အဓိကတော့ ပိတ်ထားတဲ့ ရက်အတွင်းမှာ ကျမတို့ရဲ့ Customer တွေ၊ တချို့ ပစ္စည်းလဲချင်တဲ့သူတွေ ဖုန်းဆက်တဲ့အတွက် စဖွင့်တာပါ။ အပြင်လူတော့ သိပ်မရှိပါဘူး။ ကိုယ့်အရင် Customer တွေပဲ ရှိပါတယ်" ဟု ပြောသည်။

ရွှေဆိုင်များတွင် အရောင်းအဝယ်အားဖြင့်ပါးနေကြောင်း၊ သို့သော် ရွှေဆိုင်ကြီးများကမူ အွန်လိုင်းမှနာမည်ကျော် သရုပ်ဆောင်များကိုခေါ်ယူ၍ Live လွှင့်ကာ ရောင်းချမှုများ ပိုများလာကြောင်းသိရသည်။ ကိုဗစ်ရိုက်ခတ်မှုကြောင့် ရပ်ဆိုင်းခဲ့ရသည့်လုပ်ငန်းများထဲတွင် ရွှေပန်းထိမ်လုပ်သားများလည်းပါဝင်ပြီး ရွှေပန်းထိန်လုပ်ငန်း၊ ရွှေသန့်စင်သည့်ဖိုများ၊ ရွှေဆိုင်းလုပ်ငန်းများနှင့် ပတ်သက်သည့် လုပ်သား ၁ သောင်းကျော်လည်း လတ်တလော အလုပ်လက်မဲ့နှင့် ရင်ဆိုင်နေရသည်ဟု ဦးမျိုးမြင့်ကပြောသည်။ ယင်းပြင် ကိုဗစ်ဒုတိယလှိုင်းစတင်ခဲ့သည့် ရန်ကုန်မြို့တွင် လူသုံးကုန်ပစ္စည်းများရောင်းချနေသည့် လက်ကားဈေးကြီးများလည်း စက်တင်ဘာလမှစတင်ပြီး ယခုအချိန်ထိ ပိတ်ထားလျက်ရှိသည်။

**Source: https://burma.irrawaddy.com/news/2020/10/22/232141.html**

## ထန်းလျက်ကုန်ကြမ်းရှားပါးချိန်ဖြစ်သောကြောင့် ဈေးနှုန်းမြင့်တက်



ထန်းရည်ထွက်ရှိသည့် ရာသီချိန်ကုန်ဆုံးခါနီးလာပြီး ထန်းလျက်ကုန်ကြမ်း ရှားပါးချိန်ဖြစ်သောကြောင့် ထန်းလျက်ဈေးနှုန်း မြင့်တက်လာကြောင်း မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရှိ ယဉ်မိုးထွေး ထန်းလျက်ပင်ရင်းဆိုင်ပိုင်ရှင် ဒေါ်ယဉ်မိုးထွေး၏ ပြောဆိုချက်အရသိရသည်။

ပြာသိုလမှ သီတင်းကျွတ်လအထိ ထန်းရည်ထွက်ရှိသည့် ကာလဖြစ်ပြီး သီတင်းကျွတ်လမှစ၍ ရပ်နားထားလေ့ရှိရာ ယင်းကာလအတွင်း ထန်းလျက်ကုန်ကြမ်းရှားပါးလေ့ရှိသည်။ ထန်းရည်ပေါ်တဲ့အချိန်ဆိုရင် ထန်းလျက်ဈေးချိုတယ်။ အခု ထန်းကနောက်ဆုံး အသီးတောင်တုံးတော့မယ်ဆိုတော့ တချို့ထန်းတက်သမားတွေဆိုရင် မလှီးကြတော့ဘူး။ အဲဒီအတွက် ကုန်ကြမ်းရှားသွားပြီး ဈေးတက်တာပါ။ ထန်းတအားလှိုင်တဲ့ အချိန်ဆိုရင် ဈေးပေါပါတယ်ဟု ဒေါ်ယဉ်မိုးထွေးကပြောသည်။

ထန်းလျက် ကုန်ကြမ်းပေါများချိန်က ထန်းလျက်တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀ ဝန်းကျင်သာရှိရာမှ လက်ရှိတွင် ငွေကျပ် ၁၆၀၀ ဝန်းကျင်အထိ ဈေးနှုန်းမြင့်တက်နေပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိသည်။ COVID–19 ရောဂါ စတင်ဖြစ်ပွားတဲ့အချိန်က ရောင်းကောင်းတယ်။ တချို့က တစ်လစာ၊ နှစ်လစာ ဝယ်ယူစုဆောင်းထားကြပြီး နောက်ပိုင်းအရောင်းအေးသွားတယ်။ နောက် COVID19 ရောဂါကူးစက်မှုနှုန်း မြင့်တက်လာတော့ လမ်းပန်းဆက်သွယ်ရေးတွေ ခက်ခဲမှာစိုးလို့ မှာတာတွေများတယ်။ ရန်ကုန်ရော နယ်စုံပါအဝယ်လိုက်ပြီး တင်ပို့နေရတယ်ဟု ဒေါ်ယဉ်မိုးထွေးကပြောသည်။

ထန်းလျက်သည် ပုံမှန်အားဖြင့် အရောင်းအဝယ်ကောင်းမွန်လေ့ရှိသော်လည်း ပွဲတော်ကာလများတွင် ပိုမိုရောင်းချရလေ့ရှိကြောင်း၊ မြန်မာ့ရိုးရာ အစားအစာတစ်ခုဖြစ်သော ထန်းလျက်သည် ပုဂံ၊ ညောင်ဦးနှင့် ကျောက်ပန်းတောင်းစသည့်ဒေသများမှ အဓိကထွက်ရှိပြီး မြန်မာနိုင်ငံအရပ်ရပ်သို့ တင်ပို့လေ့ရှိကြောင်းသိရသည်။

Source: https://www.myawady.net.mm/node/3325

## ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ်ပြင်ဆင်၊ အတုပြုလုပ်ခြင်းများကိုအရေးယူမည်

ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ်ကို ပြင်ဆင်ခြင်းနှင့် အတုပြုလုပ်ခြင်းများအတွက်အရေးယူမည်ဟု စားသုံးသူရေးရာဦးစီးဌာနက အောက်တိုဘာ တတိယပတ်တွင်ထုတ်ပြန်သည်။ အပင်နှင့်အပင်ထွက်ပစ္စည်းများ ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ်ကို စိုက်ပျိုးရေးဦးစီးဌာနနှင့် သီးနှံကာကွယ်ရေးဌာနခွဲမှထုတ်ပေးနေပြီး ပြီးခဲ့သည့်မတ်လက ပြည်ပတင်သွင်း၊ တင်ပို့ခြင်းအတွက် သက်သေခံလက်မှတ် ၁,၁၁၅ စောင် ထုတ်ပေးခဲ့ရာတွင် အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့သော မတ်ပဲတင်ပို့မှုလုပ်ငန်းစဉ်၌ သက်သေခံလက်မှတ် ပြင်ဆင်ပြောင်းလဲထားသည်ကို တွေ့ရှိခဲ့သည်။

ထိုကိစ္စရပ်ကို အိန္ဒိယနိုင်ငံ (National Plant Protection Organization) အဖွဲ့အစည်းက အကြောင်းကြားခဲ့ခြင်းဖြစ်ပြီး အလားတူကိစ္စရပ် ထပ်မံဖြစ်ပေါ်လာပါက ကုန်သွယ်မှုတွင် အဆင်မပြေမှုများနှင့် နိုင်ငံတကာဈေးကွက်တွင် မြန်မာမတ်ပဲဈေးကွက် ပုံရိပ်ကျဆင်းနိုင်စေသည်ဟုဆိုသည်။ “အဲဒီကိစ္စဖြစ်တာ ကြာတော့ကြာပြီ။ ရက်စွဲကို ပြောင်းထားတာမျိုး ဖြစ်သွားတာ။ အဲဒါနဲ့ပတ်သက်ပြီး ပဲကုန်သည်အသင်းမှာ သတိပေးအရေးယူတာတွေ အဆင့်ဆင့်လုပ်ပြီးပါပြီ။ထပ်တော့ အဲဒီလို ကိစ္စတွေ မရှိတော့ပါဘူး”ဟု ရန်ကုန်တိုင်းကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ဘုရင့်နောင်ကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးမြင့်ဦးကပြောသည်။

သက်သေခံလက်မှတ်ပါ အချက်အလက်များ ပြင်ဆင်ပြောင်းလဲခြင်း အတုပြုလုပ်ခြင်းကိုတွေ့ရှိပါက ပတ်သက်ဆက်နွှယ်သည့်ကုမ္ပဏီကို သက်သေခံလက်မှတ် ထုတ်ပေးမှုရပ်ဆိုင်းခြင်း၊ နာမည်ပျက်စာရင်းသွင်းခြင်းနှင့် အခြားသောတရားဥပဒေအရ ထိရောက်စွာအရေးယူမှုများ ဆောင်ရွက်ရက်မည်ဟု စိုက်ပျိုးရေးဦးစီးဌာနက သတိပေးသည်။

ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ်ကို တင်ပို့မည့်နိုင်ငံ၏ လိုအပ်ချက်နှင့်အညီ သက်ဆိုင်ရာကစစ်ဆေးကာ ထုတ်ပေးပြီးပါဝင်သော အကြောင်းအရာအချက်အလက်များသည် တင်ပို့သည့်ကုမ္ပဏီများမှလျှောက်ထားမှုနှင့် အပြည်ပြည်ဆိုင်ရာ အပင်ရောဂါကာကွယ်ရေးကွန်ဗင်းရှင်းမှ ချမှတ်သည့်စံနှုန်းများနှင့်စစ်ဆေးပြီး ထည့်သွင်းဖော်ပြရသည်။ မြန်မာနိုင်ငံထွက် ပဲမျိုးစုံကို အိန္ဒိယ၊ တရုတ်၊ အမေရိကန်နှင့် အနောက်ဥရောပနိုင်ငံများ အပါအဝင် အာဆီယံဒေသတွင်းနိုင်ငံများသို့ နှစ်စဉ် တန်ချိန်တစ်သန်းကျော် တင်ပို့နေပြီး အိန္ဒိယနိုင်ငံသို့ ပဲတီစိမ်း၊ မတ်ပဲနှင့်ပဲစင်းငုံတို့ကို အဓိကထားတင်ပို့သည်။

**Source: https://7day.news/detail?id=202966**

## မြဝတီနယ်စပ်ကုန်သွယ်မှုရပ်ထားသော်လည်း COVID-19 နှင့်သက်ဆိုင်သည့် ကျန်းမာရေးပစ္စည်းများ တင်သွင်းနေ

မြဝတီနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင် ပုံမှန်ကုန်စည်ကူးသန်းရောင်းဝယ်မှု ရပ်နားထားသော်လည်း COVID -19 ကပ်ရောဂါအတွက် လိုအပ်သောကျန်းမာရေးပစ္စည်းများကို ထိုင်းနိုင်ငံမှတင်သွင်းနေကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ မြဝတီနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်ကပြောသည်။ ထိုင်းနိုင်ငံမှ အောက်ဆီဂျင်၊ နှာခေါင်းစည်းကဲ့သို့ ကျန်းမာရေးဆိုင်ရာ အရေးကြီးကုန်စည်များ မြန်မာနိုင်ငံသို့ နေ့စဉ်နီးပါး တင်သွင်းနေသည်။ ထိုင်းနိုင်ငံ မဲဆောက်မြို့တွင် COVID-19 ကပ်ရောဂါကြောင့် တားဆီးကန့်သတ်မှုများလုပ်ဆောင်နေသဖြင့် ပုံမှန်ကုန်သွယ်ရေးလုပ်ငန်းများကို အချိန်တစ်ပတ်ခန့်ရပ်ဆိုင်းထားသည်။ "သတ်မှတ်ချိန်ပြည့်ရင်တော့ ကုန်သွယ်ရေးက ပြန်ဖွင့်မှာပါ"ဟု ဒေါ်သင်းသင်းမြတ်ကပြောသည်။ မြဝတီ-မဲဆောက် အမှတ် (၂) ချစ်ကြည်ရေးတံတားအပါအဝင် နယ်စပ်ဂိတ်အားလုံးကို အောက်တိုဘာ ၂၅ရက် အထိ ကုန်ပစ္စည်း တင်ပို့၊ တင်သွင်းခွင့်ယာယီကန့်သတ်ထားကြောင်း ထိုင်းအာဏာပိုင်များက အောက် တိုဘာ ၁၇ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ကုန်တင်ယာဉ်မောင်းများနှင့် ထိတွေ့မှုရှိသူများအားစစ်ဆေးရာမှ COVID-19 ပိုးထပ် တွေ့လာရသဖြင့် ထိုင်းနိုင်ငံဘက်က ချစ်ကြည်ရေးတံတားကို ယာယီကန့်သတ်ထားသဖြင့် ကုန်သွယ်ရေးလုပ်ငန်းများ ရပ်ဆိုင်းနေသည်။ မြန်မာ-ထိုင်းနှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းရှစ်ခုတွင် မြဝတီ-မဲဆောက် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းသည် ကုန်သွယ်မှုအများဆုံးဖြစ်ပြီး ပြီးခဲ့သည့်ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ သန်းခန့် ကုန်သွယ်နိုင်ခဲ့သည်။

သို့သော် COVID-19 ကပ်ရောဂါကြောင့် ယခုဘဏ္ဍာနှစ် ပထမလ ၁၀ ရက်အတွင်း မြဝတီ-မဲဆောက် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းမှ ကုန်သွယ်မှုတန်ဖိုးသည် ပြီးခဲ့သည့်ဘဏ္ဍာနှစ် ကာလတူထက် ဒေါ်လာ ၁၈ သန်း ကျော်လျော့နည်းသည်။

**Source:** https://7day.news/detail?id=202965

## သြဇာသီးအထွက်ကောင်းသော်လည်း ဈေးကျသဖြင့်စိုက်ပျိုးသူများ ဝင်ငွေနည်း



မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ရှိ သြဇာပင်စိုက်ပျိုးသည့် ကျေးရွာများ၌ ယခုနှစ်တွင် သြဇာသီးအထွက်နှုန်းကောင်းနေသော်လည်း လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် ဈေးကျဆင်းနေသဖြင့် ဝင်ငွေလျော့နည်းနေကြောင်း ဒေသခံများကပြောသည်။

မင်းဘူးမြို့နယ်ရှိ ထောက်ရှာပင်၊ ကျွဲသိုးမြောင်၊ ရွှေရောင်တော်၊ ကျောက်တန်းနှင့် ရေမြက်ကျေးရွာများတွင် သြဇာပင်များစိုက်ပျိုးကြပြီး ယခင်နှစ်က တစ်ပင်လျှင် အလုံး၈၀မှ ၁၀၀ အထိ သီးကာ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်မြို့ကြီးများသို့ တစ်လုံးလျှင် ကျပ် ၄၀၀ မှ ၅၀၀ ဈေးဖြင့် တင်ပို့ ရောင်းချရကြောင်း သိရသည်။ ယုနှစ်တွင်မူ မြို့ကြီးများသို့ တင်ပို့မှုနည်းသဖြင့် သြဇာသီးတစ်လုံးလျှင် ကျပ် ၂၀၀ မှ ၄၀၀ အထိ ဈေးဖြင့်သာ ရောင်းချကြရကြောင်း ထောက်ရှာပင်၊ ကျွဲသိုးမြောင်ကျေးရွာများမှ သြဇာသီးရောင်းချသူများထံကသိရသည်။ ကျွဲသိုးမြောင်ရွာမှ မသီတာက "အပင်တွေက အသီးကတော့ တော်တော်သီးကြပါတယ်။ အခုနှစ်က ကိုဗစ်ကြောင့် ပို့ရတာမရှိဘူး။ တိုင်းကျော် ခရီးသွား

ကန့်သတ်ထားတော့ ခရီးသည်တင်ကားတွေ မထွက်ရတော့ နယ်ကျော် မရောင်းရဘူး။ ကိုယ်ပိုင်ကားနဲ့ ရပ်ဝယ်ကြတာရှိပါတယ်။ ဈေးနှုန်းကလည်း မနှစ်ကနဲ့ စာရင်အရနည်းတာပေါ့" ဟုပြောသည်။

ယခင်နှစ်က ဩဇာသီးရာသီကုန်ချိန်အထိ ၁၂ သိန်းခန့်ရရှိကြောင်း၊ ယခုနှစ်တွင် ၁၀ သိန်းဝန်းကျင်ခန့်သာရရှိမည်ဟု ခန့်မှန်းထားကြောင်း ဩဇာပင်စိုက်ပျိုးခြံပိုင်ရှင် ကိုအေးမင်းက ပြောသည်။ " အရင်နှစ်တွေကဆိုရင် ကျွန်တော်ခြံအထိ ကားတွေ ဆိုင်ကယ်တွေနဲ့ လာဝယ်ကြတယ်။ အခုနှစ်တော့ ကိုဗစ်ကြောင့် လာသူတော့နည်းသွားတယ်။ ပြန်ရောင်းဖို့ လာဝယ်တဲ့သူကိုသာ ရောင်းနေရတယ်။ အခုနှစ်က ဖောက်သည်ဈေးလည်း လျှော့ရောင်းပေးနေရပါတယ်" ဟုပြောသည်။

မင်းဘူးမြို့နယ် ထောက်ရှာပင်အုပ်စု ကျွဲသိုးမြောင်ရွာမှ ဩဇာသီးများမှာ ဓာတုလွတ်၍ လူကြိုက်များပြီး ဈေးကွက်အတွင်း အလာအလားကောင်းမွန်၍ ပွင့်ဖြူ၊ စကုနှင့် မကွေးမြို့ ဒေသအတွင်း လာရောက်လည်ပတ်သည့်ခရီးသွားများက ဝယ်ယူလေ့ရှိသည်။

**Source: http://htwettoe.com/article-details/news/10530319**

## ကိုဗစ်အလွန်တွင် ဟိုတယ်နှင့်စားသောက်ဆိုင်များကို ကျန်းမာရေးဆိုင်ရာ လုံခြုံရေးအသိမှတ်ပြုများ ထုတ်ပေးမည်

ကိုဗစ်အလွန်ကာလတွင် မြန်မာနိုင်ငံ၏ခရီးစဉ်ဒေသများ၊ ဟိုတယ်နှင့်စားသောက်ဆိုင်များကို ကျန်းမာရေးဆိုင်ရာလုံခြုံရေး အသိအမှတ်ပြု (Safety Certificate )များထုတ်ပေးကာနိုင်ငံတကာအသိအမှတ်ပြု စံနှုန်းများသတ်မှတ်ပြီး ခရီးသည်များ ယုံကြည်စိတ်ချမှုရရှိအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးပြည်ထောင်စုဝန်ကြီး ဦး အုန်းမောင်က ပြောသည်။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေး အသင်းနှင့်ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန တာဝန်ရှိသူများ အကြားအောက်တိုဘာ ၁၉ ရက်က အွန်လိုင်းအစည်းအဝေးဖြင့် တွေ့ဆုံစဉ်ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ COVID-19 ကာလ အလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အသစ်တဖန်ပြန်လည်မြှင့်တင်ရန် မြန်မာနိုင်ငံကို Healthy Destination ၊Safe Destination တစ်ခုအဖြစ်ကမ္ဘာကသိအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးကဆိုသည်။ ''ဒီအချက်က ခရီးသွားလုပ်ငန်းတွေပြန်လည်ဖွင့်တဲ့အခါမှာ အကျိုးရှိစေမှာပါ။ ခုဆိုရင် ဟိုတယ်နဲ့ခရီးသွားလုပ်ငန်းတွေမှာ အရင်ကလိုနီးကပ်ကပ်မဟုတ်ဘဲ အကွာအဝေးတွေ၊ကျန်းမာရေး လမ်းညွှန်ချက်တွေအတိုင်း ဆောင်ရွက်မှုတွေ ပြောင်းကြပါပြီ''ဟု ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်ဦးမျိုးဝင်းသန်းက မြန်မာတိုင်းမ်သို့ပြောသည်။

ကမ္ဘာအနှံ့တွင် လုံးဝရပ်ဆိုင်းသွားခဲ့သည့် ခရီးသွားလုပ်ငန်းသည် လာမည့်နှစ်မှ ပြန်လည်စတင်နိုင်မည်ဟုလည်း ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ကျွမ်းကျင်သူများကမှန်းဆထာသည်။ နိုင်ငံတကာခရီးသွားလုပ်ငန်းများ ပြန်လည်နလန်ထူ နိုင်ရန် အနည်းဆုံးနှစ်နှစ်မှ ရှစ်နှစ်လောက်အထိကြာနိုင်သည်ဟု ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ကျွမ်းကျင်သူများက မှန်းဆထားသည်။

မြန်မာနိုင်ငံတွင် တစ်ကြော့ပြန်မြင့်တက်လာသည့် ကိုဗစ်ကြောင့်လေကြောင်းလိုင်းများနှင့်ခရီးသွားလုပ်ငန်းများကို လက်ရှိတွင်ရပ်ဆိုင်းထားရသည်။ ပြီးခဲ့သည့်မတ်လကုန်မှစပြီး ပြည်ပခရီးသည်များဝင်ရောက်ခွင့်အတွက် လေကြောင်းလိုင်း များကို ကန့်သတ်ထားခဲ့သည့် မြန်မာနိုင်ငံလေကြောင်းကဏ္ဍသည် လက်ရှိတွင်လည်း ပြည်တွင်းခရီးစဉ်များ ပြေးဆွဲမှုကို ရပ်ဆိုင်းထားသည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ စာရင်းဇယား အရ ၂၀၂၀ပြည့်နှစ်၏ပထမနှစ်ဝက်ကာလတွင် နိုင်ငံတကာခရီးသည် ဝင်ရောက်မှုမှာ သန်း၄၄၀၊ရာခိုင်နှုန်းအားဖြင့် ၆၅ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ဝင်ငွေအနေဖြင့် အမေရိကန်ဒေါ်လာ ၄၆၀ ဘီလီယံ ဆုံးရှုံးခဲ့သည့်အတွက် အလုပ်အကိုင်ဆုံးရှုံးမှုများနှင့် ထိခိုက်မှုအများဆုံးကဏ္ဍထဲတွင်ပါဝင်သည်။

**Source: https://myanmar.mmtimes.com/news/145469.html**

## ရှမ်းၔ Contract Farming စနစ်ဖြင့် ပြောင်းဧကေ တစ်သန်း စိုက်ပျိုးထုတ်လုပ်ရန်စီစဉ်

ရှမ်းပြည်နယ်အစိုးရ၊ ပုဂ္ဂလိ ရင်းနှီးမြှုပ်နှံသူများနှင့် တောင်သူများပူးပေါင်းပြီး Contract Farming စနစ်ဖြင့် ပြောင်းဧကေ တစ်သန်း စိုက်ပျိုးထုတ်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်နေသည်ဟု ရှမ်းပြည်နယ်အစိုးရ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွှန့်လွင်ကပြောသည်။

မြန်မာနိုင်ငံတွင် ပြောင်းစိုက်ဧကေ ၁ ဒသမ ၉ သန်းခန့်ရှိပြီး ပြောင်းထုတ်လုပ်မှု၏ ၅၀ ရာခိုင်နှုန်းခန့်သည် ရှမ်းပြည်နယ်မှ ဖြစ်သည်။ ရှမ်းပြည်နယ်တွင် ပြောင်းဧကေ တစ်သန်းကို ငါးနှစ်စီမံကိန်းဖြင့် တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရန် ရည်ရွယ်ထားပြီး ပုဂ္ဂလိက ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများဖိတ်ခေါ်၍ Contract Farming စနစ်ဖြင့် တောင်သူများနှင့် ပူးပေါင်းဆောင်ရွက် မည် ဖြစ်သည်။ “ဒါက ကြီးမားတဲ့စီမံကိန်းဖြစ်ပါတယ်။ အစိုးရအနေနဲ့ကတော့ ညှိနှိုင်းဆောင်ရွက်ပေးတဲ့အပိုင်းဖြစ်တယ်။ ပြည်နယ်အစိုးရက တောင်သူနဲ့ရင်းနှီးမြှုပ်နှံသူကြားမှာ ရပ်တည်ချိတ်ဆက်ပေးတဲ့သဘောပါ။ ဒီစီမံကိန်းကနေ ဒေသခံတွေ ဖွံ့ဖြိုးမှုရရှိစေပါမယ်”ဟု ဦးစိုးညွှန့်လွင်ကပြောသည်။

ပြောင်းစိုက်ပျိုးထုတ်လုပ်မှုတွင် အဓိကရင်ဆိုင်နေရသော အခက်အခဲတစ်ခုမှာ ဈေးကွက်ရရှိရေးဖြစ်နေရာ အဆိုပါ စီမံကိန်းဖြင့် တောင်သူများ ဈေးကွက်နှင့်ဈေးနှုန်းတစ်ရပ်ရရှိရေးကို ခိုင်မာအောင်ဆောင်ရွက်နိုင်မည်ဟု ၎င်းကပြောသည်။ ရင်းနှီးမြှုပ်နှံသူကုမ္ပဏီများဘက်က မျိုး၊ နည်းပညာနှင့်ဈေးကွက်အပိုင်းကို တာဝန်ယူရမည်ဖြစ်ကာ တောင်သူများက စိုက်ပျိုးရေး အပိုင်းကို တာဝန်ယူရမည်ဖြစ်သည်။ အဆိုပါစီမံကိန်းကို ခေတ်မီစိုက်ပျိုးရေးစနစ်ဖြင့် ထုတ်လုပ်မှုမြင့်တင်လာရန် ဆောင်ရွက် မည်ဖြစ်သည်။ Contract Farming စနစ်ဖြင့် ပြောင်းဧကေတစ်သန်း စိုက်ပျိုးရေးစီမံကိန်းအတွက် ပါဝင်ဆောင်ရွက်ရန် တရုတ်နှင့် ထိုင်းမှ ရင်းနှီးမြှုပ်နှံသူများ၏ ကမ်းလှမ်းမှုများကိုလည်း ရရှိထားသည်ဟု ဦးစိုးညွှန့်လွင်ကပြောသည်။

လက်ရှိတွင် မြန်မာနိုင်ငံသည် တစ်နှစ်လျှင် ပြောင်းထွက်ရှိမှု တန်ချိန် ၂ ဒသမ ၃ သန်းခန့်ရှိပြီး ပြည်ပနိုင်ငံများသို့ ပြောင်း ၁ ဒသမ ၈ သန်း ခန့် တင်ပို့လျက်ရှိသည်။ ပြောင်းကိုပြည်တွင်းဈေးကွက်တွင် တိရိစ္ဆာန်အစားအစာလုပ်ငန်းများက အဓိက အသုံးပြုနေပြီး ပြည်ပဈေးကွက်အနေဖြင့် တရုတ်နှင့်ထိုင်းနိုင်ငံသို့ အဓိကတင်ပို့နေသည်။ မြန်မာနိုင်ငံတွင် ပြောင်းကို ရှမ်းပြည်နယ်အပြင် ကယား၊ ကရင်၊ ရေဝတီနှင့် နေပြည်တော်တို့တွင်လည်း စိုက်ပျိုးထုတ်လုပ်နေသည်။

**Source: https://myanmar.mmtimes.com/news/145446.html**

## ဒီဂျစ်တယ်အသိဉာဏ်များ နိုင်ငံခြားသားများ လက်ထဲရောက်နေ၍ မြန်မာ့စီးပွားရေး လုံခြုံမှု စိုးရိမ်စရာဖြစ်နေ

ဂလိုဘယ်ဒီဂျစ်တယ် ပလက်ဖောင်းအတွက် လိုအပ်သော ဒီဂျစ်တယ်အသိဉာဏ် (big data) များ မြန်မာနိုင်ငံ၌ နိုင်ငံခြားသားများ လက်ထဲရောက်နေခြင်းကြောင့် နိုင်ငံ၏ စီးပွားရေးလုံခြုံမှုအတွက်သာမက နိုင်ငံအတွင်းရှိ ထုတ်လုပ်သူများနှင့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် စိုးရိမ်စရာဖြစ်နေသည်ဟု UN နှင့် ဒီဂျစ်တယ်စီးပွားရေး ဆွေးနွေးပွဲ တွင် မြန်မာကပြောဆိုလိုက်သည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ United Nations (UN) က အောက်တိုဘာလ ဒုတိယအပတ်တွင် ၃ ရက်ကြာ ကျင်းပပြုလုပ်သည့် (၄)ကြိမ်မြောက် အစိုးရအဖွဲ့များနှင့်ကျွမ်းကျင်ပညာရှင်များ၏ E-commerce နှင့် ဒီဂျစ်တယ်စီးပွားရေးဆွေးနွေးပွဲတွင် မြန်မာနိုင်ငံမှ ပထမဆုံးအကြိမ်အဖွဲ့ဝင်အဖြစ် ပါဝင်ဆွေးနွေးရာတွင် E-Commerce Association of Myanmar ၊ ဥက္ကဋ္ဌ ဦးအေးချမ်းက အထက်ပါအတိုင်း ပြောဆိုလိုက်ခြင်းဖြစ်သည်။

အစုစပ်အစိုးရအဖွဲ့ ကျွမ်းကျင်ပညာရှင်များ၏ E-commerce နှင့် ဒီဂျစ်တယ် စီးပွားရေးဆွေးနွေးပွဲကို ကမ္ဘာ့နိုင်ငံကြီးများမှ E-Commerce ကျွမ်းကျင်ပညာရှင်များနှင့် အစိုးရအဆင့် ခေါင်းဆောင်များ ပါဝင်ဆွေးနွေးသော ပွဲတစ်ခုလည်းဖြစ်သည်။ အဆိုပါ ဆွေးနွေးပွဲတွင် ဒစ်ဂျစ်တယ်စီးပွားရေးကဏ္ဍ၌ စံနှုန်းဖန်တီးခြင်း၊ အသင့်ဖြစ်မှုရှိသောနိုင်ငံများအား ဂယက်ရိုက်မှု၊ တစ်ကမ္ဘာလုံး ဆိုင်ရာ ဒစ်ဂျစ်တယ်ယန္တရားများနှင့်ချိတ်ဆက်ရာတွင် လိုအပ်သည့်စံနှုန်းများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများကြုံတွေ့နေရသည့် စိန်ခေါ်မှု များနှင့်အခွင့်အလမ်းများ၊ အမျိုးသားမူဝါဒများ၏ အခန်းကဏ္ဍ၊ ဒစ်ဂျစ်တယ်စီးပွားရေးကဏ္ဍလုပ်ဆောင်ရာတွင် နိုင်ငံတကာ မူဝါဒဖြင့်ဖန်တီးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအစရှိသော ခေါင်းစဉ်များကို ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် လက်ရှိ အစားအသောက်ပို့ဆောင်ရေးလုပ်ငန်းများ၌ နိုင်ငံခြားကုမ္ပဏီများမှ ဦးဆောင်နေလျက်ရှိပြီး Global digital platforms (GP)များက အသုံးပြုသူများကို အခြားပလက်ဖောင်းတစ်ခုသို့ ပြောင်းရန်အတွက် ခက်ခဲအောင်လုပ်ထားသဖြင့် ပြည်တွင်းလုပ်ငန်းရှင်များ ယင်းဈေးကွက်အတွင်းသို့ဝင်ရောက်ရန် ဝေးကွာနေပြီဟုလည်းကဆိုသည်။ GP အတွက် လိုအပ်သော ဒီဂျစ်တယ်အသိဉာဏ်များဖြစ်သည့် big data ကို ဖွံ့ဖြိုးဆဲနိုင်ငံများထံမှ ရရှိနိုင်ပြီး big data များ နိုင်ငံခြားသားများ လက်ထဲရောက်ရှိနေသည်ဟု E-Commerce Association of Myanmar ဥက္ကဋ္ဌက ထောက်ပြပြောဆိုသည်။ " Big data ဟာ ဒီဂျစ်တယ်အသိဉာဏ်ဖြစ်ပြီး ဘာကိုထုတ်လုပ်ရမလဲ၊ ဘယ်သူ့ကို ရောင်းချရမလဲဆိုတာတွေကို ကူညီဆုံးဖြတ်ပေးနိုင်ပါတယ်။ မြန်မာသုံးစွဲသူတွေအကြိုက်ကို သိထားခြင်းအားဖြင့် GP နိုင်ငံများမှ ထုတ်လုပ်သူများက အချက်အလက်တွေကိုကြည့်ပြီး ဆုံးဖြတ်နိုင်ပြီး မြန်မာနိုင်ငံမှထုတ်လုပ်သူများနှင့် ကုန်သည်များကလည်း ဘာတွေထုတ်လုပ်နိုင်မလဲ၊ ဘာတွေရောင်းဝယ်ရမလဲ ဆိုတာ စိတ်ခံစားချက်၊ အတွေ့အကြုံဖြင့်သာ ဆုံးဖြတ်နိုင်မှာပါ။ တဖြည်းဖြည်းနဲ့ GP ၏ အိမ်ရှင်နိုင်ငံက ကိုယ့်နိုင်ငံထက် ပိုသာလာမှာဖြစ်ပြီး၊ ပြိုင်ဆိုင်ရန် ပိုခက်ခဲလာမည်ဖြစ်ပါတယ်။ Big data တွေက အတွင်းကျကျထိုးထွင်းသိနိုင်ပြီး ကုမ္ပဏီများနှင့် အစိုးများ၏ အချက်အလက်ဆိုင်ရာ ဆုံးဖြတ်ချက်များစွာကို အများကြီးအထောက်အကူပြုလာမှာ ဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင် အမြတ်မ်းတိုးချဲ့နေသည့် global digital platforms (GP) များကြောင့်ဖြစ်လာမည့် ဒေသခံစီးပွားရေးလုပ်ငန်းများထိခိုက်ခြင်းနှင့် Cross Border Data Flows ကိစ္စတို့ကို ကိုင်တွယ်ဖြေရှင်းရန်အတွက်လည်း အစိုးရတွင် မူဝါဒဆိုင်ရာ စည်းမျဉ်းစည်းကမ်းချက်များမရှိသေးကြောင်း ၎င်းကထောက်ပြသည်။ ထို့ပြင် အစိုးရကလည်း global platforms များက မြန်မာနိုင်ငံစားသုံးသူများ၏ data အချက်အလက်များကိုအသုံးပြုကာ ၎င်းတို့ရဲ့ နိုင်ငံစီးပွားရေးအတွက် အကူအညီပေးနေမှုကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပေသည်။ ထို့ကြောင့် အစိုးရအနေဖြင့် ဒစ်ဂျစ်တယ်လုပ်ငန်းများတိုးတတ်ရေးအတွက် အသိပညာပေးလုပ်ငန်းများ၊ ပြည်တွင်း ဒစ်ဂျစ်တယ်ဆိုင်ရာ စွန့်ဦးတီထွင်သူများနှင့် platform လုပ်ငန်းများအတွက် အခွန်အခကင်းလွတ်ခွင့်ပြုခြင်းများ၊ UN ကဲ့သို့ နိုင်ငံတကာ အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး developing countries အစိုးရများမှ CBDF အတွက် ကန့်သတ်ချက်များ ချမှတ်ခြင်း၊ မြန်မာပြည်မှ ရရှိသော big data များကို အသုံးပြုပြီး ရရှိသည့် ဝင်ငွေကို GP များထံမှ အခွန်အခများပြန်ရရှိနိုင်ရန်အတွက် နည်းလမ်းများရှာဖွေခြင်းအစရှိသည့်လုပ်ငန်းများကို လုပ်ဆောင်သင့်ကြောင်း ဦးအေးချမ်းကထောက်ပြသည်။

မြန်မာနိုင်ငံ၏ ယခင်နှစ် E-commerce ဈေးကွက်အရွယ်အစားသည် အမေရိကန်ဒေါ်လာသန်း ၁၀၀ ဝန်းကျင်ရှိပြီး E-commerce ၏ ရောင်းအားကို မြန်မာနိုင်ငံ၏ GDP နှင့် ဖယားကွက်၌ နှိုင်းယှဉ်ထားသည်ကိုကြည့်လျှင် အခြားနိုင်ငံများထက် များစွာနည်းနေသေးပြီး နောက်နှစ်အနည်းငယ်တွင် E-commerce ဈေးကွက်သည် လက်ရှိအရွယ်အစားထက် ၁၀ ဆပိုမိုရောက်ရှိနိုင်မည်ဟုခန့်မှန်းထားသည်။

**Source: https://myanmar.mmtimes.com/news/145439.html**

## လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် ပြည်ပမတင်ပို့နိုင်သဖြင့် ကြက်သွန်နီအရောင်းအဝယ်အေး



လမ်းပန်းဆက်သွယ်ရေးအခက်အခဲများနှင့် ကုန်တင်ယာဉ်များကို ကန့်သတ်ထားမှုများကြောင့် ကြက်သွန်နီကို ပြည်ပတင်ပို့နိုင်ခြင်းမရှိသဖြင့် အရောင်းအဝယ်အေးနေကြောင်း မန္တလေးတိုင်းဒေသကြီး စားဖိုဆောင်သီးနှံစိုက်ပျိုး ထုတ်လုပ် တင်ပို့ ရောင်းချသူများ အသင်းထံမှသိရသည်။ "စက်တင်ဘာ ၂၀ ရက်နောက်ပိုင်းက တရုတ်နိုင်ငံနဲ့ ရခိုင်ပြည်နယ်ဘက်က ဝယ်တဲ့ အတွက် တစ်ပိဿာကို ကျပ် ၆၀၀ ကနေ ကျပ် ၁၁၀၀ အထိ မြင့်တက်သွားခဲ့တယ်။ စက်တင်ဘာလကုန်လောက်ကျတော့ ကိုဗစ်-၁၉ ရောဂါယက်ကြောင့် တရုတ်နိုင်ငံဘက်ကလည်း မဝယ်တော့ဘူး။ ပြည်တွင်းကလည်း လမ်းကြောင်းအခက်အခဲတွေရှိတဲ့အတွက် တင်ပို့မှုတွေနည်းသွားတယ်။ အဲဒါကြောင့် အရောင်းအဝယ်အေးသွားတယ်။ ဒါပေမယ့် ဈေးနှုန်းကတော့ မကျသေးဘူး"ဟု အဆိုပါအသင်းအတွင်းရေးမှူး ဦးဝင်းမြင့်ကပြောသည်။

အဝေးပြေးကုန်တင်ယာဉ်မောင်းများ ကျန်းမာရေးစစ်ဆေးပြီးမှသာ ပြေးဆွဲခွင့်ပြုရန် ကန့်သတ်ထားသည့်အပြင် ရောဂါစစ်ဆေး တွေ့ရှိသည့် ကုန်တင်ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက် တဖြည်းဖြည်းများပြားလာခြင်းကြောင့် ကုန်သည်များက အဝယ်ရပ်နားထားကြောင်း၊ ပြည်တွင်းစားသောက်ကုန်လုပ်ငန်းအများစုမှာလည်း ဝယ်ယူမှုလျှော့ချထားသဖြင့် ကြက်သွန်နီအပါအဝင် သီးနှံပေါင်းစုံမှာ အရောင်းအဝယ်နေးကွေးလျက်ရှိကြောင်းသိရသည်။ "အဝယ်မရှိပေမယ့် ဈေးမကျသေးတာက စိုက်ပျိုးသူနဲ့ နယ်ဒေသတွေမှာရှိတဲ့ ကုန်သည်တချို့က ဈေးချမရောင်းတဲ့အတွက် မကျတာပါ။ တရုတ်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ လိုအပ်ချက်ရှိနေတာကို သိနေတဲ့အတွက်လည်းပါတယ်။ ဒါပေမယ့် ရေရှည်တော့တောင့်ခံနိုင်မှာ မဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ ကြက်သွန်နီက ကြာလာလေ ကုန်ချိန်ကလျော့လာမှာဖြစ်တဲ့အတွက် ရေရှည်တောင့်ခံနိုင်ဖို့ မလွယ်ပါဘူး"ဟု ကြက်သွန်နီကုန်သည် ဦးမင်းကိုကပြောသည်။

မန္တလေးမြို့ရှိ ကိုင်းတန်းဈေးကွက်အတွင်း ကြက်သွန်နီ လက်ကားဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၁၁၀၀ မှ ၁၁၅၀ ဝန်းကျင်ရှိကြောင်း သိရသည်။ "ကုန်သည်တချို့ကတော့ ဝယ်နေတယ်။ ဒါပေမယ့် ဒီဈေးထက် ဆက်တက်မပေးတော့ဘူး။ အရင်ကလိုလည်း အကန့်အသတ်မရှိဝယ်ယူတာမျိုးမလုပ်တော့ဘူး။ ထိန်းဝယ်နေကြတယ်။ ဒါကြောင့် အရောင်းအဝယ်က တော်တော်လေးကို နေးလာတယ်။ ဒီအတိုင်း ရေရှည်ဆိုရင်တော့ မလွယ်ဘူး"ဟု ကြက်သွန်နီစိုက်ပျိုးသူ ဦးထွန်းတောက်က ပြောသည်။

ကြက်သွန်နီကို အစိုဝယ်တစ်ပိဿာလျှင် ကျပ် ၅၀၀ ခန့်ဖြင့် ဝယ်ယူသိုလှောင်ထားခြင်းဖြစ်ပြီး လက်ရှိတွင် အလေးချိန်ထက်ဝက်ခန့်လျော့သွားသဖြင့် တစ်ပိဿာလျှင် ကျပ် ၁၀၀၀ ခန့်အထက်ရရှိမှသာ တောင်သူများ အဆင်ပြေမည်ဖြစ်ကြောင်း၊ ယခုဈေးနှုန်းထက် ဆက်လက်ကျဆင်းသွားလျှင် အရှုံးပေါ်မည်ဖြစ်ကြောင်းသိရသည်။ "အရောင်းအဝယ်နေးသွားပေမယ့် ဈေးမကျတာကတော့ တောင်သူတွေက ကျပ် ၁၀၀၀ ဈေးအောက်ကို ဘယ်လိုမှ ဆင်းမရောင်းနိုင်လို့လေ။ ကြိုက်ဈေးကို စောင့်နေတာလည်းပါတယ်။ အိန္ဒိယနိုင်ငံကလည်း သူတို့ဆီက ကြက်သွန်နီတွေကို တခြားနိုင်ငံတွေကို မရောင်းတော့တဲ့အတွက် လိုနေတဲ့နိုင်ငံတချို့က မြန်မာနိုင်ငံက ဝယ်ယူရမှာဖြစ်တယ်။ အဲဒါတွေကိုသိတဲ့အတွက် တောင်သူနဲ့ သိုလှောင်သူတွေက ဒီဈေးထက် လျှော့မရောင်းတာပါ"ဟု ဦးထွန်းတောက်က ဆက်လက်ပြောသည်။

**Source: https://www.facebook.com/thefarmermedia/**

## ဈေးမြင့်တက်လာသော အိန္ဒိယကြက်သွန်နီဈေးကွက်

ယခုအပတ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကြက်သွန်လက်ကားဈေးများ ကျရိပ်ပြလာသော်လည်း ကြက်သွန်ပို့ကုန် ပိတ်ထားသည့် အိန္ဒိယနိုင်ငံတွင်မူ လက်လီ၊ လက်ကားဈေးများ ကျမသွားဘဲ ထပ်မံ၍ပင် မြင့်တက်လာခဲ့သည်။ အိန္ဒိယရှိ ကြက်သွန်စိုက်ဒေသများတွင် နှောင်းမိုး ရွာနေဆဲ ဖြစ်၍ ဈေးကွက်ထဲသို့ ကုန်အဝင်နည်းပြီး လက်ကျန်ပြတ်လပ်လာခြင်းကြောင့် မြို့များစွာရှိ လက်လီ၊ လက်ကား ကြက်သွန်နီဈေးများ အားလုံး မြင့်တက်ခဲ့သည်။

တနင်္လာနေ့ ဈေးဖွင့်ချိန်က အိန္ဒိယတွင်သာမက အာရှဒေသတွင်ပါ အကြီးမားဆုံး ကြက်သွန်ဈေးကွက်ဖြစ်သော Lasalgaon ကုန်စည်ဒိုင်၌ ကြက်သွန်နီ တစ်ကွမ်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ၆၂၀၀ ရူပီးအထိ မြင့်တက်ခဲ့ရာ ယခင်အပတ် အပိတ်ဈေးဖြစ်သော ၄၇၀၀ ရူပီးမှ သိသိသာသာ ခုန်တက်လာကြောင်း တွေ့ရသည်။ လက်ကားဈေး ခုန်တက်လာသည့် အကျိုးဆက်အဖြစ် အိန္ဒိယမြို့ကြီးအချို့တွင် ကြက်သွန်နီလက်လီဈေးများမှာ တစ်ကီလိုဂရမ်လျှင် ၆၀ – ၆၅ – ၇၀ ရူပီးအထိ မြင့်လာခဲ့သည်။ ယခင်အပတ်က ကြက်သွန်လက်လီဈေးမှာ ၄၀ – ၅၀ ရူပီးဝန်းကျင်သာ ရှိခဲ့သည်။ "အန်ဒရာပရာဒေ့ရှ်၊ တီလန်ဂါနာနဲ့မဟာသျှတ္တရပြည်နယ်တွေက ကြက်သွန်စိုက်ခင်းတွေမှာ ဟိုအရင်အပတ်က မိုးတွေရွာသွားလို့ ကြက်သွန်ခင်းတွေပျက်စီးပြီး နုတ်သိမ်းချိန်လည်း နောက်ကျခဲ့ပါတယ်" ဟု Lasalgoan ကြက်သွန်လက်ကားကုန်စည်ဒိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကုန်ရောင်းကုန်ဝယ်ကုမ္ပဏီတစ်ခုဖြစ်သော Comtrade မှ လုပ်ငန်းရှင်တစ်ဦးက ပွဲတော်ရာသီချိန် ကြက်သွန်နီဈေးဆက်ကောင်းနိုင်ပြီး တစ်နှစ်တာလုံး၏ ကြက်သွန်ထုတ်လုပ်မှုသည်လည်း ရာသီဥတုဖျက်ဆီးမှုဒဏ်ကြောင့် အနည်းဆုံး ၁၀ – ၁၅ % ခန့် ကျဆင်းသွားနိုင်သည်ဟု ခန့်မှန်းပြောဆိုခဲ့သည်။

အိန္ဒိယတွင် ကြက်သွန်နီ လက်လီရော လက်ကားဈေးပါ ခုန်တက်လာချိန်၌ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပြည်ပမှ မှာယူထားသော ကြက်သွန်များဝင်ရောက်လာပြီး အစိုးရအေဂျင်စီဖြစ်သော TCB ကပါ စစ်တကောင်း ဆိပ်ကမ်းမြို့တွင် ကြက်သွန်ကား ၈ စီးဖြင့် အခြေခံလူတန်းစားများအတွက် ဈေးလျှော့ရောင်းချနေခြင်းကြောင့် ကြက်သွန်နီလက်ကားဈေးများ ပြန်ကျလာပြီ ဖြစ်ကြောင်း သိရသည်။ သို့သော် TCB က ရောင်းချပေးနေသောရောင်းအားနှင့်ဝယ်လိုအား ကွာဟချက်ကြောင့် လက်လီဈေးကွက်တွင် ကြက်သွန်နီဈေးမကျသေးဘဲ ဆက်လက်မြင့်မားနေဆဲဖြစ်ကြောင်း ဒေသခံသတင်းများတွင် ဖော်ပြသည်။

**Source: The Financial Express BD , Hindustan Times**

## ဗြိတိန်သည် No-deal Brexit ဖြင့် ရှင်သန်နိုင်သည်ဟု ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ပြောကြား

ဗြိတိန်နိုင်ငံနှင့်အီးယူတို့အကြား Brexit အလွန်ကာလအတွက် ညှိနှိုင်းဆွေးနွေးမှုများသည် အကူးအပြောင်း ကာလ ကုန်ဆုံးချိန်တွင် သဘောတူညီချက်မရရှိခဲ့ပါက ဗြိတိန်အနေဖြင့် ယင်းအခြေအနေနှင့်အတူ ရပ်တည်ရှင်သန်နိုင်သည်ဟု ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ကပြောကြားခဲ့ကြောင်းသိရသည်။ ဗြိတိန်နိုင်ငံသည် ယခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့က အီးယူအုပ်စုမှနှုတ်ထွက်ခဲ့ပြီး၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ အီးယူ၏စည်းမျဉ်းများကို ဆက်လက်ကျင့်သုံးမည်ဖြစ်သည်။ ဗြိတိန် ခွဲထွက်မှုအလွန်ကာလ အီးယူ-ဗြိတိန် ကုန်သွယ်မှုဆက်ဆံရေးတွင် သတ်မှတ်ရက်အတွင်း သဘောတူညီမှုမရရှိခဲ့ပါက ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့စည်းမျဉ်းများနှင့်အညီ မြင့်မားသောအကောက်ခွန်နှုန်းထားများဖြင့် နှစ်ဘက်ကုန်သွယ်ကြရမည်ဖြစ်ရာ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါ၏ရိုက်ခတ်မှုကြောင့် အားနည်းနေသည့် ဗြိတိန်နိုင်ငံ၏စီးပွားရေးအပေါ် ဆန့်ကျင်ဘက် အကျိုးဆက်များ သက်ရောက်လာနိုင်ခြေရှိနေခြင်းဖြစ်ကြောင်းလည်းသိရသည်။

အီးယူနှင့်ဗြိတိန်တို့မှ စေ့စပ်ညှိနှိုင်းသူများအကြား (၉) ကြိမ်မြောက် ဆွေးနွေးပွဲများအပြီး နှစ်ဘက်ညှိနှိုင်းမှုများတွင် သဘောတူညီမှုရရန် ခက်ခဲနေဆဲဖြစ်သဖြင့် ဗြိတိန်ခွဲထွက်မှုအလွန် ကုန်သွယ်ရေးဆိုင်ရာသဘောတူညီချက်အတွက် စေ့စပ် ညှိနှိုင်းမှုများကို တိုးမြှင့်လုပ်ဆောင်သွားရန် ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်နှင့်ဥရောပကော်မရှင်ဥက္ကဋ္ဌ Ursula von der Leyen တို့အကြား သဘောတူညီခဲ့ကြသည်။ ယခုနှစ်အကုန်တွင် အီးယူနှင့်ဗြိတိန်တို့အကြား သဘောတူညီချက်ရရှိရေး နှင့်စပ်လျဉ်း၍ နှစ်ဘက်စေ့စပ်ညှိနှိုင်းသူများအကြား အချိန်အနည်းငယ်သာကျန်ရှိနေပြီး၊ ဘောရစ်ဂျွန်ဆင်က အပြီးသတ် ညှိနှိုင်းမှုများပြုလုပ်ရန် သတ်မှတ်ရက်ကို အောက်တိုဘာလ ၁၅ ရက်နေ့အား သတ်မှတ်ထားကြောင်းနှင့် အီးယူဘက်အနေဖြင့်မူ အောက်တိုဘာလကုန်အထိ သတ်မှတ်ထားကြောင်းသိရသည်။

သဘောတူညီချက်ရရှိရေးအတွက် ကိစ္စရပ်များစွာကို ဖြေရှင်းဆောင်ရွက်ရန် လိုအပ်နေဆဲဖြစ်သော်လည်း ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်အနေဖြင့် နှစ်ဘက်အကြား သဘောတူညီချက်ရရှိနိုင်မည်ဟု ယူဆထားဆဲဖြစ်ကြောင်း၊ ဗြိတိန်နိုင်ငံ အနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ထိန်းချုပ်ရန်လိုအပ်မှုကို အီးယူအနေဖြင့် နားလည်ရန်လိုအပ် ကြောင်း၊ ဗြိတိန်၏ ငါးဖမ်းဆီးမှုဇုန်နှင့်ပတ်သက်၍ အချုပ်အခြာအာဏာအပေါ် ခိုင်မာစွာဆက်လက်ရပ်တည်မှုကို ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က သတိပေးပြောကြားခဲ့ပြီး၊ ယင်းအချက်သည် နှစ်ဘက်ဆွေးနွေးမှု များအကြား အဓိကအခက်အခဲဖြစ်စေသည့် အချက်လည်းဖြစ်သည်ဟု ပြောကြားခဲ့ကြောင်းသိရသည်။

**Source: ဘရပ်ဆဲလ်တိုင်းမ်**

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဘရပ်ဆဲလ်**

## စက်တင်ဘာလအတွင်း တရုတ်နိုင်ငံ၏ စားသုံးသူဈေးနှုန်းအညွှန်းကိန်း အနည်းငယ်သာမြင့်တက်ခဲ့

စက်တင်ဘာလအတွင်း တရုတ်နိုင်ငံ၏ စားသုံးသူဈေးနှုန်းအညွှန်းကိန်း (consumer price index – CPI)မှာ (၁.၇) ရာခိုင်နှုန်းသာမြင့်တက်ခဲ့ကြောင်း အမျိုးသားစာရင်းအင်းဗျူရိုမှ ထုတ်ပြန်ကြေငြာခဲ့ပါသည်။ ၎င်းအညွှန်းကိန်းမှာ ငွေကြေး ဖောင်းပွမှုအားတိုင်းတာရာတွင် အဓိကကျသောအညွှန်းကိန်းတစ်ခုဖြစ်ပါသည်။ ထိုကဲ့သို့မြင့်တက်ခဲ့သော်လည်း ဩဂုတ်လ အတွင်းမြင့်တက်ခဲ့သည့် (၂.၄)ရာခိုင် နှုန်းအောက် လျော့နည်းလာသည်ကိုတွေ့ရပါသည်။ ထိုသို့လျော့နည်းလာရခြင်းမှာ စားသောက်ကုန်ဈေးနှုန်းများ (အထူးသဖြင့် ဟင်းသီးဟင်းရွက်နှင့် ဝက်သားဈေးနှုန်းများ) အသင့်အတင့်ပြန်လည်ဖြစ်လာ ခြင်းကြောင့် ဖြစ်ကြောင်း အကြီးတန်းစာရင်းအင်းသုတေသီက ဖြေကြားခဲ့ပါသည်။

တရုတ်နိုင်ငံ၏ CPI တွင် သုံးပုံတစ်ပုံနီးပါး ပါဝင်နေသည့် စားသောက်ကုန်ဈေးနှုန်းများမှာ စက်တင်ဘာလအတွင်း ယခင်လကထက် (၀.၄)ရာခိုင်နှုန်းမြင့်တက်ခဲ့ပါသည်။ သို့ရာတွင် ယခင်လအတွင်း စားသောက်ကုန်ဈေးနှုန်း မြင့်တက်ခဲ့မှု ရာခိုင်နှုန်းဖြစ်သည့် (၁.၄)ရာခိုင်နှုန်းမှ လျော့လည်းလာသည်ကို တွေ့ရပါသည်။ ယခုနှစ် ပထမ (၉)လအတွင်း တရုတ်နိုင်ငံ၏ CPIမှာ ယခင်နှစ်ကထက် (၃.၃) ရာခိုင်နှုန်းမြင့်တက်လာခဲ့သည်ကို တွေ့ရပါသည်။

နောက်ဆုံးရအချက်အလက်များအရ စက်ရုံ၏ကုန်ပစ္စည်းထုတ်လုပ်မှု ကုန်ကျစရိတ်များကိုတိုင်းတာသည့် တရုတ်နိုင်ငံ၏ ထုတ်လုပ်သူဈေးနှုန်းအညွှန်းကိန်းမှာ စက်တင်ဘာလအတွင်း ယခင်နှစ်ကထက် (၂.၁)ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရပါသည်။

**Source:** Xinhua (၁၅-၁၀-၂၀၂၀)

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ တရုတ် (နန်နင်း)**

## ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့ကုန်သွယ်ရေး ၉.၂ % ခန့်ကျဆင်းနိုင်မည်ဖြစ်ကြောင်း WTO ခန့်မှန်းခဲ့

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) က ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါ၏ ဂယက်ရိုက်မှု ကြောင့် ယခု ၂၀၂၀ ပြည့်နှစ်အတွင်း ကမ္ဘာတစ်ဝန်းလုံး၏ ကုန်စည်ကူးသန်းရောင်းဝယ်မှုသည် ၂၀၁၉ ခုနှစ်ကထက် ၉.၂ %ခန့် လျော့နည်းနိုင်မည်ဖြစ်ကြောင်း ခန့်မှန်းထားပါသည်။

မြောက်အမေရိကဒေသတွင် ပို့ကုန်ပမာဏ ၁၄.၇ % ခန့် ကျဆင်းနိုင်မည်ဖြစ်ကြောင်း၊ အာရှဒေသတွင် ၄.၅ % နှင့် ဥရောပဒေသတွင် ၁၁.၇ % ခန့် ကျဆင်းနိုင်ပါကြောင်း ခန့်မှန်းထားပါသည်။ အဆိုပါခန့်မှန်းချက်များကို WTO က အောက်တိုဘာလဆန်းက ထုတ်ပြန်ခဲ့ ခြင်းဖြစ်ပြီး လတ်တလော ပြန်လည်ရှင်သန်လာသည့် စီးပွားရေးလှုပ်ရှားမှုများကို အခြေခံကာတွက်ချက် ခန့်မှန်းထားခြင်းဖြစ်ပါသည်။

ကမ္ဘာတစ်လွှား COVID-19 ဖြစ်ပွားမှုများ ဆက်လက်တိုးတက်နေပြီး စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများအပေါ် ပိုမိုဝန်ပိလာပါက ယခုခန့်မှန်းချက်ထက် ကျဆင်းမှုနှုန်း ပိုမိုမြင့်တက်လာနိုင်ကြောင်း WTO ကဆိုပါသည်။ ၂၀၂၁ ခုနှစ်တွင် ကမ္ဘာ့ကုန်သွယ်ရေးသည် ၇.၂ % တိုးပွားလာနိုင်မည်ဟု WTO က ခန့်မှန်းနေပြီး အဆိုပါရာခိုင်နှုန်းသည် ကပ်ရောဂါမတိုင်မီကာလက အနေအထားထက် လျော့နည်းနေသေးကြောင်းဆိုပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဂျပန်**

## STOCK EXCHANGE (23.10.2020)

YANGON
STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 23rd Oct. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | +0 | +0.00% | 10,000 | 10,000 | 10,000 | 336 | 3,360,000 | 27,112,747 | 271,127 |
| MTSH | 00002 | 3,650 | -50 | -1.35% | 3,650 | 3,700 | 3,650 | 7,802 | 28,477,800 | 38,929,150 | 142,091 |
| MCB | 00003 | 8,200 | +100 | +1.23% | 8,100 | 8,200 | 8,100 | 140 | 1,144,000 | 10,400,986 | 85,288 |
| FPB | 00004 | 22,000 | -500 | -2.22% | 22,000 | 22,000 | 22,000 | 356 | 7,832,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,800 | +100 | +3.70% | 2,750 | 2,800 | 2,700 | 1,744 | 4,739,100 | 12,823,224 | 35,905 |
| EFR | 00006 | 3,150 | +0 | +0.00% | 3,050 | 3,150 | 3,050 | 56 | 170,900 | 19,977,223 | 62,928 |

## Market summary

As of 23rd Oct. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 438.00 | -0.58 | -0.13% | 435.53 | 438.00 | 435.53 | 10,434 | 45,723,800 | 6 | 651,724 |

### Index chart




# Market Overview

As of 12:30 pm, 23rd Oct. 2020

| MYANPIX | 437.30 ▼ 1.28 |
|---|---|
| Total Volume (shares) | 10,324 |
| Total Value (MMK) | 45 mil |
| Listed Company | 6 |
| Market Cap. (MMK) | 650,684 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▲ 0 |
| MTSH | 00002 | 3,650 | ▼ 50 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 22,000 | ▼ 500 |
| TMH | 00005 | 2,800 | ▲ 100 |
| EFR | 00006 | 3,150 | ▲ 0 |